


# ဂေဟ စိုက်ပျိုးရေးနည်း ကို အရှေ့တောင် အာရှတွင် ပူးပေါင်းလေ့လာခြင်း (အယ်လစ်စီးယား)

## အရှေ့တောင်အာရှဒေသတွင် ဆန်းသစ်တီထွင်သော ပဏာမခြေလှမ်း

လူဦးရေ လျှင်မြန်စွာ တိုးပွါးလာသည်နှင့်အမျ သဘာဂအရင်းအမြစ်များအသုံးချမှုကို ပိုမို ဖိအားပေးလာခြင်း နှင့် တစ်နေ့ထက် တစ်နေ့ ရာသီဉတု အပြောင်းအလဲ ဖြစ်ခြင်း၏ အကျိုးသက်ရောက်မှုများ ပိုမိုကြီးထွားလာခြင်းတို့သည် အရှေ့တောင်အာရှ အတွက် စိုက်ပျိုးရေး ဖွံ့ဖြိုးမှုလုပ်ငန်းများဆောင်ရွက်ရာတွင် အလှည့်အပြောင်း တစ်ဆစ်ချိုး စဉ်းစားရန် အချိန်တန်လာပြီဖြစ်သည်။

မဲခေါင်ဒေသတွင် ဒေသခံ တောင်သူများနှင့် ၄င်းတို့၏ ဂေဟာစိုက်ပျိုးနည်းစနစ် ဖွံ့ဖြိုးရေး ကို ယခင်က မည်သို့ပင် အစပြု အားပေးခြင်း အမြောက်အမြားရှိခဲ့သော်လည်း ယခုအကြိမ်သည် ပြည်တွင်းနှင့် ဒေသတွင်း တွင် ဂေဟ စိုက်ပျိုးနည်းစနစ်ကျယ်ပြန့်ရေး ကို ကွန်ရက်ဖွဲ့ ဆောင်ရွက်ရန် ပထမဆုံးစွန့်ဦး တီထွင်သော အားထုတ်မှု ဖြစ်သည်။ ဤသို့ ဆောင်ရွက်ရသော အကြောင်း ရင်းမှာ တောင်သူအဖွဲ့အစည်းများ မှစ၍ ပြည်တွင်းဒေသတွင်း ရှိ သုတေသန ဌာနကြီးများ နှင့် ပုဂ္ဂလိကကဏ္ဍများ အပါအဂင် အလွှာ အသီးသီးမှ ပါဂင်ပတ်သက်သူများ အားလုံး ခိုင်ခိုင်မာမာ ပေါင်းစည်းမှု ရရှိရေးအတွက် ဖြစ်ပါသည်။ သို့မှသာ လုပ်ရိုးလုပ်စဉ် မဟုတ်သည့် အောင်မြင်သော ဂေဟစိုက်ပျိုးရေး နည်းစံနစ်များ ကျယ်ပြန့်စွာ ပွါးများရေးကို ခိုင်မာစွာ ထောက်ပံ့ ပေးနိုင်သော အစိုးရ မူဂါဒများ ပေါ်ထွက် လာမည်ဖြစ်ပြီး စိုက်ပျိုးရေးကိစ္စများတွင် ပါဂင် ပတ်သက်သူများ တို့ကို သဘောပေါက် နားချ ပေးနိုင်မည်ဖြစ်သည်။

## အရေးပါသောပါဂင်ပတ်သက်သူများ နှင့်တိုင်ပင်ဆွေးနွေးခြင်းဖြစ်စဉ် အပေါ် ဆက်လက် ဆောင်ရွက်ခြင်း

စီမံကိန်းမစမီ ဤအကြောင်းအရာနှင့် ပတ်သက်သမျှ ယခင်ထုတ်လုပ်ဂေခဲ့သော စာအုပ် စာတမ်းများကို ရှာဖွေဖတ်ရှု ပြန်လည်လေ့လာသုံးသပ်ခြင်း နှင့် နိုင်ငံအလိုက် (ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်) တိုင်ပင်အကြံဉာဏ်ရယူသော အလုပ်ရုံဆွေးနွေးပွဲများကိုဆောင်ရွက်ခဲ့ပါသည်။ နိုင်ငံများအလိုက် ဂေဟ စိုက်ပျိုးရေးစနစ်ကို ပံ့ပိုးနေသော အရေးပါသည့် ပါဂင်ပတ်သက်သူများ နှင့် ဆွေးနွေးလေ့လာ တွေ့ရှိမှု ကနဦးရလဒ်များ ကို တင်ပြခဲ့ပါသည်။

နိုင်ငံပေါင်း(၄) နိုင်ငံများမှ စုစုပေါင်း အလားအလာရှိသည့် မိတ်ဖက်အဖွဲ့ ၁၁၈ ဖွဲ့(အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ သုတေသန အဖွဲ့အစည်းများ၊ အစိုးရဌာနများ၊ ပုဂ္ဂလိကကုမ္ပဏီများ) ကိုတွေ့ရှိခဲ့ပြီး အတွေ့အကြုံအမျိုးစုံ (ဂန်းကျင်ထိန်းသိမ်းသော စိုက်ပျိုး ရေးစနစ်၊ သီးနှံသစ်တောရောနှော စိုက်ပျိုးစနစ်၊ စပါးပျိုးနစိုက်ပျိုးနည်းစနစ်၊ ဘက်စုံဖျက်ပိုး ကာကွယ်နှိမ်နင်း နည်းစနစ်၊ ဓါတုဆေးလွတ် စိုက်ပျိုးနည်း၊ ဘက်စုံ စိုက်ပျိုးမွေးမြူရေးစနစ် စသဖြင့်) တို့ဖြင့် အနာဂတ် ကွန်ရက်ကို စုံစုံလင်လင် ဖြစ်စေမည် ဖြစ်သည်။



### အယ်လစ်စီးယား ရည်ရွယ်ချက်များ

- ဂေဟာစိုက်ပျိုးရေး လုပ်ငန်းများ နှင့် ဆောင်ရွက်နေသူများ အကြား အသိပညာနှင့် အတွေ့ အကြုံ ဖလှယ်ခြင်းများ ခိုင်မာလာစေရန်
- မူဂါဒချမှတ်သူများ နှင့် စားသုံးသူများ မှ ဂေဟာစိုက်ပျိုးရေးလှုပ်ရှားမှုများ ကို ထင်ထင်ရှားရှား တွေ့မြင်လာပြီး ယုံကြည်မှုများ ရရှိလာစေရန်
- တောင်သူများအတွင်း ဂေဟာစိုက်ပျိုးရေး နည်းစနစ်များ ပေါ်ပေါက်လာပြီး ခံယူအသုံးချလာမှု များ ကျယ်ပြန့်လာစေရန်

### CIRAD (စီးရပ်) နှင့် ယာယီ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း

**အယ်လစ်စီးယား**သည် မဲခေါင်ဒေသကြီးတွင် ဂေဟ စိုက်ပျိုးရေးအပြောင်းအလဲ ကို ပံ့ပိုးနေသော **(ACTAE) အက်တေး** အစီအစဉ်၏ အစိတ်အပိုင်း တစ်ခုဖြစ်သည်။ ဤအစီအစဉ်ကို **CANSEA ကန်စီး** ဟုခေါ်သော အရှေ့တောင်အာရှ၏ ဂန်းကျင် ထိန်းသိမ်းသော စိုက်ပျိုးရေးစနစ် ကွန်ရက် ကို ဆောင်ရွက်နေသော **စီးရပ်** လည်းပါဂင် ညှိနှိုင်း ဆောင်ရွက်ပေးလျက် ရှိပါသည်။



## အဓိက ဆောင်ရွက်ထားရှိမှုများ

> ဂေဟ စိုက်ပျိုးရေး တွင် တက်ကြွသော အဖွဲ့ဝင် (၆၀) ပါဝင်သော အရှေ့တောင် အာရှဒေသ ကွန်ရက် ပေါ်ပေါက်ရေး။

> အင်တာနက်တွင် အချိန်မရွေးမှီငြမ်းစရာ (၂၀၀) ကျော် နှင့် ကွန်ယက်ချိတ်ဆက် ဆောင်ရွက်နေသော(၄)နိုင်ငံများတွင် ဂေဟစိုက်ပျိုးနည်းစနစ်များ အတွေ့အကြုံများကို ကျင့်သုံးနေသော အကြောင်းအရာ (၃၄) မျိုးများကို တင်ပြ ထား သော ဂေဟစိုက်ပျိုးရေး အင်တာနက် ဝက်ဆိုဒ် (http://ali-sea.org/) တည်ထောင်ခြင်း

> ပတ်သက်သူများအားလုံး ပါဝင်သော အလုပ်ရုံဆွေးနွေးပွဲများကို (၄)နိုင်ငံတွင် ကျင်းပ ဆောင်ရွက်ပြီး အတွေ့အကြုံများဖလှယ်ခြင်း၊ ကွာဟမှုများကို ထိစပ်ပေးခြင်း၊ စုပေါင်းညှိနှိုင်း ဆောင်ရွက်မှု အကျိုးရလဒ်ကို လှုံ့ဆော်ပေးခြင်း (၂၀၁၆ မတ်လ - ဇွန်လ)

> ဂေဟစိုက်ပျိုးရေးနှင့် ပတ်သက်၍ အရှေ့တောင် အာရှဒေသတွင်း ပညာရပ်ဆိုင်ရာ ပထမ အကြိမ် ညီလာခံကြီးကို မြန်မာနိုင်ငံတွင် ကျင်းပခဲ့ပါသည်။ (၂၀၁၇ ဇန်နဝါရီလ)

> ကျွမ်းကျင်ပညာရှင်များဘုတ်အဖွဲ့ကို နိုင်ငံတစ်ခုစီတိုင်းတွင် ဖွဲ့စည်းထားရှိခြင်း

> အယ်လစ်စီးယား အသေးစား ငွေကြေးထောက်ပံ့ရေးဖြင့် အဆိုပြုလွှာများကို ခေါ်ဆိုခြင်း ကို (၂)ကြိမ် ဆောင်ရွက်ခဲ့ပြီး ပထမအကြိမ်ခေါ်ဆိုမှုအတွက် ဂေဟစိုက်ပျိုးရေးနှင့် ပတ်သက်သော ဗဟုသုတများကို ထုတ်ဖော်ခြင်း ဖလှယ်ခြင်းများ ဆောင်ရွက်ရန် ငွေကြေးထောက်ပံ့မှု (၁၂)ခု ကို အပ်နှင်းဆောင်ရွက်ခဲ့ပါသည်။

> အယ်လစ်စီးယား၏ နှစ်ပတ်လည် အထွေထွေ ညီလာခံကြီးကို ကမ္ဘောဒီးယားနိုင်ငံတွင် နိုင်ငံတွင်း ပါဝင်ပတ်သက်သူ (၆၀) ဦးဖြင့် ကျင်းပဆောင်ရွက်နိုင်ခဲ့ပါသည်။



### အယ်လစ်စီးယား စီမံ အုပ်ချုပ်မှု

### *တိုင်းပြည် အဆင့် ( ၄ နိုင်ငံများတွင် )*

**နိုင်ငံအလိုက်စီမံခန့်ခွဲရေးအဖွဲ့-** ပြည်တွင်းအဖွဲ့အစည်းများ ပူးပေါင်းတည်ထောင်ပြီး ကွန်ယက်များဖြင့် ကျယ်ပြန့်စွာ ဆောင်ရွက်ခြင်း

**ပြည်တွင်းကျွမ်းကျင်ပညာရှင်များဘုတ်အဖွဲ့-** အသိအမှတ်ပြု သိပ္ပံပညာရှင်များနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်သူများဖြင့် ဖွဲ့စည်းခြင်းဖြင့် ပညာရပ်နယ်ပယ်မှသူများ နှင့် ဖွံ့ဖြိုးရေးဆောင်ရွက်နေသူများကို နီးကပ်ချိတ်ဆက်စေသည်။

**နှစ်ပတ်လည် အထွေထွေညီလာခံ-** စိတ်ဓါတ်တက်ကြွစေရန် တနှစ်လုံးဆောင်ရွက်တိုးတက်မှုများကို တင်ပြခြင်းဖြင့် ဂေဟစိုက်ပျိုးရေးအကူးအပြောင်းကို အားပေး အထောက်အကူပြုခြင်း၊ အယ်လစ်စီးယား စီမံအုပ်ချုပ်မှုပုံစံ နှင့် မဟာဗျူဟာမြောက် လုပ်ငန်းများကို စီမံနိုင်ရန် ဆွေးနွေးခြင်း

### *အရှေ့တောင်အာရှဒေသတွင်း အဆင့်*

**ဒေသတွင်းစီမံခန့်ခွဲရေးအဖွဲ့-** လောလောဆယ် ဂရက်အဖွဲ့မှ လားအိုနိုင်ငံတွင် ဒေသတွင်းညှိနှိုင်းရေးမှူး(၁) ဦး နှင့် ကမ္ဘောဒီးယား နှင့် မြန်မာနိုင်ငံများတွင် ပြည်တွင်းညှိနှိုင်းရေးမှူး (၂)ဦး ပံ့ပိုးဆောင်ရွက်ပေးနေပါသည်။

**ဒေသတွင်းအထွေထွေညီလာခံ-** နိုင်ငံလိုက် နှစ်ပတ်လည်ညီလာခံများမှ တင်ပြဆောင်ရွက်သော လုပ်ငန်းများကို မဲခေါင်ဒေသတွင်း ကျယ်ပြန့်စွာ ပွါးများရေးအတွက် (၂) နှစ်တစ်ကြိမ် ကျင်းပမည်။



# Agroecology Schools



တမာပိုးသတ်ဆေးရည် ထုတ်လုပ်နေခြင်း (IPM)



စပါး ပျိုးန စိုက်နည်း စနစ် (SRI)



သီးနံ သစ်တော ရောနှော စိုက်နည်းစနစ်



သြဂဲနစ် စိုက်ပျိုးနည်းစနစ်



ဘက်စုံ စိုက်ပျိုး မွေးမြူ ရေးစနစ်



ထယ်ရေးမဲ့ မြေဖုံး စိုက်ပျိုးနည်းစနစ်


ယူရိုငွေ ၁.၂ သန်းကို ပံ့ပိုးပေးသူ -

AFD

*The present project is supported by the French Agency for Development . The ideas and the presented opinions are the ones of its organization and do not represent necessarily those of the AFD.*



ဆက်သွယ်ရန် -

**www.ali-sea.org**

ALiSEA Team: agroecologynetworksea@gmail.com

**Regional ALiSEA Coordinator**: Mr Pierre Ferrand, ferrand@gret.org

**Cambodia ALiSEA Coordinator**: Ms Lucie Reynaud, reynaud@gret.org

**Myanmar ALiSEA Coordinator**: Dr Htet Kyu, htetkyu@gret.org